International Labour Organization

# အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ တိုင်တန်းပုံနည်းစနစ်


စတိ(ဖ်)မာရှယ်(လ်)
အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိ
ရန်ကုန်




*Decent Work for All*

**ASIAN DECENT WORK DECADE 2006-2015**

# နောက်ဆက်တွဲ စာချုပ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့

အကြားနောက်ဆက်တွဲနားလည်မှု စာချုပ်လွှာတွင် သဘောတူခဲ့ကြသည်မှာ-

- အဓမ္မခိုင်းစေမှုပြုလုပ်ကြောင်း စွပ်စွဲချက်အတွက် တိုင်တန်းမှုပြုလုပ်နိုင်သည့်အခွင့်အရေးကိုအောက်ပါ လူပုဂ္ဂိုလ်များနှင့်ကိစ္စရပ်တို့အတွက် ခွင့်ပြုထားပါသည်။
  - မြန်မာနိုင်ငံသားများမှ တိုင်ကြားမှုပြုခြင်း
  - မြန်မာနိုင်ငံအတွင်း နေထိုင်သူမှ တိုင်ကြားမှုပြုခြင်း
  - အမှန်တကယ် အဓမ္မလုပ်အားခိုင်းစေခြင်းခံရသူက တိုင်တန်းမှုပြုခြင်း
- တရားမှန်ကန်မှု သို့မဟုတ် ကုစားမှုကိုရှာဖွေရန်အလို့ငှါ တိုင်တန်းမှုပြုခြင်း
- မိမိ၏တိုင်တန်းမှုများအတွက် လက်တုံ့ပြန်အရေးယူမှုအလျဉ်းမရှိဟု အပြည့်အဝယုံကြည်စိတ်ချလျက် တိုင်တန်းမှုပြုခြင်း



# အဓမ္မခိုင်းစေမှုဆိုသည်မှာ အဘယ်နည်း။

International
Labour
Organization

- မည်သည့်အလုပ်ကိုမဆို ခိုင်းစေခြင်းခံရသူ၏ ဆန္ဒ နှင့်ဆန့်ကျင်လျက် လုပ်ပေးရခြင်း
- ယင်းသို့ခိုင်းစေမှုကို လိုက်လျောလုပ်ဆောင်မှုမပြုလျှင် သို့မဟုတ် ပူးပေါင်းလုပ်ဆောင်မှု မရှိလျှင် တစ်စုံတစ်ရာသောပြစ်ဒဏ်ခံရမည်ဟူသော ခြိမ်းခြောက်မှုအောက်တွင် လုပ်ဆောင်ပေးရခြင်း
- မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်တို့အတွက် လုပ်ပေးရန်လိုအပ်သောအလုပ်များ
- စစ်ဘက်ဆိုင်ရာအတွက်လုပ်ဆောင်ပေးရန် လိုအပ်သောအလုပ်များ သို့မဟုတ်
- ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် လုပ်ဆောင်ပေးရန် လိုအပ်သောအလုပ်များ
- အရွယ်မရောက်သေးသူ (အသက် ၁၈ နှစ်အောက်) များတပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းစေခြင်းနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွင်းသို့ အဓမ္မသွတ်သွင်းခြင်းတို့ပါဝင်သည်။



# တိုင်တန်းမှုကိုမည်သို့မည်ပုံပြုလုပ်မည်နည်း။

International
Labour
Organization

အောက်ပါနည်းလမ်းများအနက်မှ သင့်အတွက်သင့်မြတ်လျော်ကန်သောရွေးချယ်မှုကို ပြုလုပ်နိုင်ပါသည်

- အခမဲ့ခိုင်းစေမှုအတွက်တိုင်တန်းမှုပြုလုပ်ရာတွင် ကျေးရွာ၊ မြို့နယ်၊ ခရိုင်အတွင်းရှိနိုင်ငံတော်အစိုးရကို ကိုယ်စားပြုသော ဒေသအာဏာပိုင်များမှ တဆင့်သော်လည်းကောင်း၊ ကလေးစစ်သည်ပြဿနာရပ်များ အတွက်ဒေသတွင်း စစ်သည်စုဆောင်းရေးစခန်းများတွင် စုံစမ်းမှုပြုလုပ်ပါ။
- အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိထံသို့ တိုင်တန်းမှုပြုလုပ်ရာတွင်-
  - စကားပြောကြေးနန်း/ဖက်(စ်)/အီးမေး(လ်)
  - ပုံမှန်စာပို့စနစ်ဖြင့်လည်းကောင်း
  - အိုင်အယ်(လ်)အို ရုံးခန်းသို့လူကိုယ်တိုင်သွားရောက်၍ဖြစ်စေ
  - စိတ်ချယုံကြည်ရသော မိတ်ဆွေများမှတဆင့် ရေးသားထားသော တိုင်တန်းစာကို အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိထံ လက်ရောက်ပေးအပ်စေခြင်းတို့ဖြင့် ပြုလုပ်နိုင်ပါသည်။



# တိုင်တန်းမှုပြုလုပ်ခြင်းမှာ လုံခြုံစိတ်ချရမှုရှိပါသလား။

International
Labour
Organization

- စွန့်စားမှုဘေးအန္တရာယ်-ရှိပါသည်-မိမိတို့ နိစ္စဓူဝပြုအပ်သော ကိစ္စရပ်များစွာတွင်လည်း စွန့်စားမှု ဘေးအန္တရာယ်ရှိမြဲပင် ဖြစ်ပေသည်။

- နောက်ဆက်တွဲသဘောတူညီချက်သည် တိုင်တန်းသူများ၊ ကိုယ်တိုင်အဓမ္မလုပ်အားခိုင်းစေခံရသူများ နှင့် တိုင်တန်းမှုပြုလုပ်ရာတွင် တွဲဖက်ပါဝင်သူများအား ခြိမ်းခြောက်ခြင်း တရားစွဲဆိုခြင်း သို့မဟုတ် အခြားတနည်း တစ်ဖုံ လက်တုန့်ပြန်ခြင်းတို့မှအကာကွယ်ပေးမှုအတွက် အာမခံထားပါသည်။

- တိုင်တန်းမှုနှင့်ပက်သက်သူများကို လက်တုန့်ပြန်အရေးယူမှုမျိုး မရှိကြောင်းအတည်ပြုနိုင်ရန် အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိနှင့် အဓမ္မလုပ်အားခိုင်းစေခံရသူများ၊ တိုင်တန်းသူများ၊ တိုင်တန်းသူ၏ ကိုယ်စားလှယ် သို့မဟုတ် အခြားသက်ဆိုင်ပက်သက် သူများကြားတွင်လွတ်လပ်ပြီး လုံခြုံစိတ်ချရသော ဆက်သွယ်မှုရှိပါသည်။



# မိမိ၏တိုင်တန်းမှုလုံခြုံစိတ်ချရမှုရှိပါမလား။

International
Labour
Organization

- တိုင်တန်းမှုပြုရာတွင် အသေးစိတ်အချက်အလက်များ ဖော်ညွှန်း ဖော်ပြချက်များပေးပို့ခြင်းဖြင့် အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိအား ကူညီပါ။

- ယင်းသို့အသေးစိတ်အချက်အလက် ဖော်ညွှန်း ဖော်ပြချက်များပေးပို့စေကာမူ၊ သင်၏တိုင်တန်းချက်ပါ၊ သင့်နှင့်ပက်သက်သည့် ဖော်ပြချက်များကို အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိမှ လျှို့ဝှက်ထားပေးပါသည်၊ သို့ရာတွင်

- ကလေးစစ်သည် ပြသာနာအတွက် တိုင်တန်းမှုပြုလုပ်ရာတွင် ယင်းကလေးစစ်သည်နှင့် ပက်သက်သော အသေးစိတ်အချက်အလက်များ ဖော်ပြပေးပို့ရန်လိုအပ်လှပေသည်။

- ပြုလုပ်ထားသောထွက်ဆိုချက်များနှင့် အခြားနှီးနွှယ်ဆက်စပ်သက်ဆိုင်သော အထောက်အကူပြုစာရွက် စာတမ်းများ(ရှိခဲ့လျှင်)ကို အိုင်အယ်(လ်)အိုဆက်ဆံရေးအရာရှိမှ ဓမ္မဓိဌာန်ကျကျစစ်ဆေးကြည့်ရှု့ ရန်လိုအပ်ပါသည်။

- ကုစားမှုရရှိရန်အလို့ငှါ အမှုတွဲအား နိုင်ငံတော်သို့မတင်သွင်းမီ၊ တိုင်တန်းသူ၏လုံခြုံစိတ်ချရမှုနှင့် ပက်သက်သောပူပန်မှုအတွက် ရှင်းလင်းစွာသိရှိနားလည်ထားစေရန် ပြုလုပ်ပေးရပါမည်။



# ဤနောက်ဆက်တွဲ သဘောတူညီချက်သည် မည်သို့မည်ပုံ လုပ်ဆောင်ပါသနည်း။

International Labour Organization

- အိုင်အယ်(လ်)အိုသို့ ရှင်းလင်းတိကျသော သတင်းအချက်အလက်များပေးပို့ခြင်း
- ယင်းသို့ပေးပို့ထားသော သတင်းအချက်အလက်များအပေါ် ခမ္မဓိဌာန်ကျကျ အကဲဖြတ်မှုပြုလုပ်ခြင်း
- အကယ်၍လိုအပ်လာပါက၊ အိုင်အယ်(လ်)အိုဆက်ဆံရေးအရာရှိမှ ပြစ်မှုကျူးလွန်မှုဖြစ်ပွားသည်ဟု တိုင်တန်းချက်တွင် ဖော်ပြခံရသောဒေသသို့ လွတ်လပ်သောအကဲဖြတ်အဖွဲ့ဖြင့် သွားရောက်အကဲဖြတ်မှုပြုလုပ်နိုင်ခြင်း
- အကြောင်းပြချက်များခိုင်လုံပါက ယင်းအချက်အလက်များနှင့်တကွ အကြံပြု တိုက်တွန်းချက်များကို နိုင်ငံတော်အစိုးရ၏ လုပ်ငန်းအဖွဲ့သို့တင်ပြခြင်း
- အဓမ္မခိုင်းစေမှုကို ကိုယ်တိုင်ခံရသူအတွက်တရားမျှတမှု ရရှိစေရေးနှင့်ပြစ်မှုကျူးလွန်သူအား အရေးယူအပြစ်ပေးနိုင်ရန်အလို့ငှါ နိုင်ငံတော်အစိုးရ၏လုပ်ငန်းအဖွဲ့မှ လက်ခံရရှိသော အချက်အလက်များနှင့်တကွ အကြံပြုတိုက်တွန်းချက်များကို ကျနသေချာစွာစုံစမ်းစစ်ဆေးမှုနှင့် စိစစ်မှုများပြုလုပ်ရန် အမိန့်ထုတ်ပြန် ခြင်း
- အမှုကိုကျေနပ်နှစ်ခြိုက်စွာ ပိတ်သိမ်းသည့်တိုင်အောင် အိုင်အယ်(လ်)အို ဆက်ဆံရေးအရာရှိသည် နိုင်ငံတော်အစိုးရနှင့် နီးကပ်သောဆက်သွယ်မှုထားရှိခြင်း



# အကယ်၍တိုင်တန်းမှုသည် မှန်ကန်၍အတည်ဖြစ်ခဲ့သော် မည်သို့သောအကျိုးရလဒ်ကို မျှော်လင့်နိုင်ပါသနည်း။

International Labour Organization

- တနည်းတစ်ဖုံအားဖြင့် တရားမျှတမှုရှိစေခြင်း
  - လျော်ကြေးပေးလျော်ခြင်း
  - ကျေနပ်သည်အထိ တောင်းပန်မှုပြုစေခြင်း
  - အလားတူအခြေအနေမျိုး ထပ်မံမဖြစ်စေရန်သေချာမှုရှိစေခြင်း
  - ပြစ်မှုကျူးလွန်သူများကို သေချာကျနစွာ ပြစ်ဒဏ်ပေးခြင်း
  - ကလေးသူငယ်အား လက်နက်ကိုင်အဖွဲ့အစည်းမှ နုတ်ထွက်ခွင့်ပြုခြင်း
  - စစ်ပြေးမှုအဖြစ် တရားစွဲဆိုခံရမှုမျိုး ရှိနေခဲ့လျှင် ပယ်ဖျက်ရပ်ဆိုင်းပေးခြင်း



International
Labour
Organization

# ကူညီရန်သင်ဘာလုပ်ပေးနိုင်သနည်း။

- သင့်အနေဖြင့် အခမ္မခိုင်းစေမှုပြဿနာရပ်များအပေါ်တွင် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အခြားတစ်နည်း အရေးယူမှုမျိုး ပြုလုပ်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့မမျှော်လင့်ပါ

- သို့ရာတွင်၊ သင်နှင့်သင့်မိတ်ဆွေအပေါင်းအဖွဲ့များမှ အခမ္မခိုင်းစေမှု အဖြစ်အပျက်တစ်စုံတစ်ရာနှင့်ပက်သက်၍လည်းကောင်း၊ ကလေးစစ်သည် သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်အလွဲသုံးမှုနှင့်စပ်လျဉ်း၍သော်လည်းကောင်း နားစွင့်၊ လေ့လာ၊ မှတ်သားသမှုပြုလုပ်နိုင်ပေသည်

- ထိုသို့သောကိစ္စရပ်မျိုးနှင့်ပက်သက်၍ အမှန်တကယ်တောင်းခံမှုရှိလာလျှင်၊ သင့်အနေဖြင့်မှတ်သားထားသော သတင်းအချက်အလက်များကို ကျွန်ုပ်တို့ထံသို့ ပေးပို့ပါရန်။



ASIAN DECENT WORK DECADE 2006-2015

*Decent Work for All*

International Labour Organization

# “ကျေးဇူးတင်ပါသည်”

အခြားသိလိုသောအချက်အလက်များအတွက်၊ အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


စတိ(ဖ်)မာရှယ်(လ်)
အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိ

တယ်လီဖုန်းအမှတ် ။ ၉၅၁ -၅၆၆ ၅၃၈၊ ၅၆၆ ၅၃၉၊ ၅၇၈ ၉၂၅၊ ၅၇၉ ၉၅၆၊ ဖက်စ်နံပါတ်း ၉၅၁-၅၆၆ ၅၈၂

အီးမေးလ်: yangon@ilo.org

http://www.ilo.org/public/english/region/asro/yangon/


